# အာရက္ခရေးရာအထူးလေ့လာချက်

## အာရက္ခတပ်တော်နှင့် ကျောက်ဖြူတိုက်ပွဲများ

**အမှတ် (၆)၊ ၂၀၂၆ ခုနှစ်**
**စစ်ရေးကဏ္ဍ**




ကျောက်ဖြူမြို့နယ်ရှိ စစ်ကောင်စီတပ်ရင်း၊ တပ်ဖွဲ့များပြ မြေပုံ (source@myanmarnow)

**ဇွန် ၃၀၊ ၂၀၂၆ ခုနှစ်**

## ၁။ နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | ကျောက်ဖြူစစ်မျက်နှာ တိုးတက်ပြောင်းလဲမှုနှင့် တရုတ်-မြန်မာ မဟာဗျူဟာစီမံကိန်းနှင့် ဒေသခံများ၏ လူမှုစီးပွား အပေါ်သက်ရောက်မှုများအား လေ့လာခြင်း |
| **(ခ) နယ်မြေဒေသ** | ကျောက်ဖြူမြို့နယ် |
| **(ဂ) အချိန်ကာလ** | ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ မှ ၂၀၂၆ ခုနှစ် ဇွန်လ အထိ |

၂၀၂၅ ခုနှစ်အစောပိုင်းကာလမှ စတင်ခဲ့သော ကျောက်ဖြူ စစ်မျက်နှာပြင်မှ အာရက္ခတပ်တော်နှင့် စစ်ကောင်စီတပ်တို့ အကြား စစ်ရေးပဋိပက္ခများသည် ၂၀၂၆ ခုနှစ် ဇွန်လ အထိ တိုက်ပွဲပြင်းထန်မှုများ ဆက်လက်မြင့်တက်နေပြီး၊ နယ်မြေ ထိန်းချုပ်နိုင်ရေးအတွက် နှစ်ဖက်တပ်များ၏ စစ်ရေးလှုပ်ရှားများသည် ပိုမိုကျယ်ပြန့်လာလျက်ရှိသည်။ လက်ရှိအချိန်အထိ အချိန်ကြာရှည်ပြီး ပြင်းထန်လာသည့် စစ်ရေးအခြေအနေသည် ဒေသတွင်း လုံခြုံရေး၊ စီးပွားရေးလှုပ်ရှားမှုများနှင့် လူမှုစီးပွားဘဝအပေါ် ထိခိုက်သက်ရောက်မှုများ ဖြစ်ပေါ်စေသည်။

အထူးသဖြင့် အာရက္ခတပ်တော်နှင့် စစ်ကောင်စီတပ်များအကြား တိုက်ပွဲများအတွင်း မြေပြင်လုံခြုံရေးအခြေအနေ မတည်ငြိမ်မှုများနှင့် နယ်မြေထိန်းချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်။ ထိုကဲ့သို့ စစ်ရေးလှုပ်ရှားမှုများသည် တစ်ဖက်တွင် စစ်ရေးတင်းမာမှုကို တိုးမြင့်စေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဒေသခံပြည်သူများသည် လုံခြုံရေး မတည်ငြိမ်မှုများနှင့် စစ်ဘေးမှကင်းလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ရခြင်း၊ စစ်ဘေးသင့်ဒေသများတွင် စစ်ကောင်စီ၏ လေကြောင်း၊ ရေကြောင်းမှ တိုက်ခိုက်မှုများအပြင်၊ အတင်းအဓမ္မဖျက်ဆီးခြင်းများကြောင့် နေအိမ်နှင့် ပိုင်ဆိုင်မှုများလည်း ထိခိုက်ဆုံးရှုံးလျက်ရှိသည်။ သွားလာရေးကန့်သတ်မှုများ၊ ဈေးနှုန်းမြင့်တက်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်း လျော့နည်းလာမှုတို့ကြောင့် ဒေသခံလူမှုစီးပွားဘဝအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့အပြင် ကျောက်ဖြူဒေသရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဒေါ်လာဘီလီယံချီစီမံကိန်းများဖြစ်သည့် ရေနံ–သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းများ လည်ပတ်လျှက်ရှိပြီး၊ တဖက်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် (Kyaukphyu Special Economic Zone- KPSEZ) နှင့် ရေနက်ဆိပ်ကမ်းများ ဆောက်လုပ်ရန် အစီအစဉ်ရှိသောကြောင်း ဒေသတွင်း ပထဝီနိုင်ငံရေးအရ ထိလွယ်ရှလွယ်ဖြစ်သော အခြေအနေလည်းဖြစ်သည်။ ကျောက်ဖြူဒေသရှိ စစ်ရေးအခြေအနေများနှင့် ဒေသတွင်း စီးပွားရေး စီမံကိန်းများ ဆက်လက် လည်ပတ်နိုင်ရေးသည် အပြန်အလှန်သက်ရောက်မှုရှိနေသည်။

သို့ဖြစ်ပါ၍ ယခုလေ့လာချက်သည် ကျောက်ဖြူဒေသတွင်း စစ်ရေးအခြေအနေဖြစ်ပေါ် တိုးတက်မှု၊ စီမံကိန်းဆိုင်ရာ လှုပ်ရှားမှုများနှင့် ဒေသခံလူမှုစီးပွားအပေါ် သက်ရောက်မှုများကို အခြေခံ၍ ဆက်စပ်အခြေအနေများကို လေ့လာသုံးသပ်နိုင်ရန် ဒေသတွင်းမီဒီယာများမှ ဖော်ပြချက်များ နှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်များအပေါ် အခြေခံ၍ ရေးသား ပြုစုထားခြင်း ဖြစ်သည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

### ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ

**(က) အာရက္ခတပ်တော်မှ ကျောက်ဖြူ ဓညဝတီရေတပ်ဌာနချုပ် နှင့် အမှတ် (၃၂) ရဲတပ်ရင်းကို ထိုးစစ်ဆင်**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်၍ အာရက္ခတပ်တော်သည် ကျောက်ဖြူမြို့နယ်ရှိ ဓညဝတီရေတပ် ဌာနချုပ်ကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် အမှတ်(၃၂) ရဲတပ်ရင်းနှင့် ရေတပ်အနီးရှိ စည်မော်ကျေးရွာ ကာကင်းစခန်းကိုပါ တပြိုင်တည်း တိုက်ခိုက်ခဲ့ရာ တိုက်ပွဲများ ဆက်တိုက်ပြင်းထန်ခဲ့သည်။ တိုက်ပွဲများအတွင်း စစ်ကောင်စီဘက်မှ လက်နက်ကြီး၊ ဒရုန်း၊ လေကြောင်းနှင့် ရေတပ်ပစ်ကူများ အသုံးပြုခဲ့ပြီး ရေတပ်စခန်းအနီးရှိ ကျေးရွာများသို့ အဆက်မပြတ် ပစ်ခတ်မှုများကြောင့် အရပ်သားထိခိုက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

**(ခ) တရုတ်စီမံကိန်းများကို ကာကွယ်ရန် ကျောက်ဖြူ၌ တရုတ်လက်နက်ကိုင် ကြေးစားတပ်ဖွဲ့များ လုံခြုံရေးတာဝန်ယူနေကြောင်း သတင်းများထွက်ပေါ်**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းမှ စတင်၍ တရုတ်လက်နက်ကိုင်ကြေးစားတပ်ဖွဲ့ဝင် ၂၇ ဦးသည် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာရှိ Power China စက်ရုံတွင် အခြေချနေထိုင်လျက်ရှိကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ၎င်းတို့သည် စက်ရုံနှင့် တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ လုံခြုံရေးကို တာဝန်ယူဆောင်ရွက်နေပြီး CCTV နှင့် ကျည်ကာမှန်များ တပ်ဆင်ခြင်းကဲ့သို့သော လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**(ဂ) ကျောက်ဖြူတိုက်ပွဲကြား SEZ နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရန် စစ်ကောင်စီ ဖိအားပေး**

ကျောက်ဖြူမြို့တွင် အာရက္ခတပ်တော်နှင့် စစ်ကောင်စီတပ်ဖွဲ့များ တိုက်ပွဲများ ဖြစ်ပွားနေသော်လည်း စစ်ကောင်စီသည် တရုတ်အမျိုးသားပိုင်ကုမ္ပဏီ CITIC နှင့် ပူးပေါင်းသည့်

ကျောက်ဖြူ အထူးစီးပွားရေးဇုန် (SEZ) နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရန် ပြင်ဆင်နေသည်။ စီမံကိန်းကို ၂၀၂၀ သဘောတူစာချုပ်နှင့် ၂၀၂၃ နောက်ဆက်တွဲစာချုပ်အရ လုပ်ဆောင်နေပြီး Long Stop Date သက်တမ်းမှာ လာမည့် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်ရန် အချက်များကို သတ်မှတ်ကာလအတွင်း ပြီးမြောက်ရန် စစ်ကောင်စီက ဖိအားပေးဆောင်ရွက်နေသည်။ စီမံကိန်းသည် ကျောက်ဖြူမြို့နယ်အတွင်း ဧက ၄,၂၀၀ ကျော်တွင် ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် လူနေအိမ်ရာများပါဝင်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇.၃ ဘီလီယံခန့်ရှိသည်။

## ၂၀၂၅ ခုနှစ်၊ မတ်လ

**(ဃ) စစ်ရေးတင်းမာနေသော်လည်း မဒေးကျွန်း တရုတ်စီမံကိန်းများ ဆက်လက်လည်ပတ်**

ကျောက်ဖြူမြို့နယ်တွင် တိုက်ပွဲများ ပြင်းထန်နေသော်လည်း မဒေးကျွန်းရှိ တရုတ်ရေနံနှင့် ဓာတ်ငွေ့စီမံကိန်းများမှာ လုပ်ငန်းရပ်နားခြင်းမရှိဘဲ ပုံမှန်လည်ပတ်နေသည်။ ရေနံသိုလှောင်နှင့် သန့်စင် စက်ရုံများတွင် တရုတ်ရေနံတင်သင်္ဘောများ ဆိုက်ကပ်ကာ လုပ်ငန်းများ ဆက်လက်လည်ပတ်နေပြီး ပိုက်လိုင်းများမှတဆင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ သယ်ယူပို့ဆောင်နေသည်။ စီမံကိန်းအနီးအနားတွင် တိုက်ပွဲများ ဖြစ်ပွားနေသော်လည်း စီမံကိန်းများ မထိခိုက်ဘဲ ဆက်လက်လည်ပတ်နေခြင်းဖြစ်ပြီး၊ လုံခြုံရေးအတွက် သက်ဆိုင်ရာအဖွဲ့များအကြား ညှိနှိုင်းမှုများ ရှိနိုင်ကြောင်း ဒေသခံများက သုံးသပ်သည်။

## ၂၀၂၅ ခုနှစ်၊ ဧပြီလ

**(င) ကျောက်ဖြူတိုက်ပွဲပြင်းထန်နေချိန် တရုတ်စီမံကိန်းများကို ရခိုင်ပြည်စစ်ကောင်စီဥက္ကဋ္ဌ သွားရောက်ကြည့်ရှု**

ရခိုင်ပြည် စစ်ကောင်စီဥက္ကဋ္ဌဦးထိန်လင်းသည် ကျောက်ဖြူမြို့နယ်ရှိ တရုတ်စီမံကိန်းများ၊ မဒေးကျွန်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများသို့ ဧပြီလအစောပိုင်းတွင် သွားရောက်ကြည့်ရှုခဲ့ပြီး၊ ခရီးစဉ်အတွင်း စီမံကိန်းလုပ်ငန်းများ၏ လက်ရှိအခြေအနေများကို စစ်ဆေးပြီး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကျောက်ဖြူမြို့နယ်တွင် အာရက္ခတပ်တော်နှင့် စစ်ကောင်စီကြား တိုက်ပွဲများပြင်းထန်နေသော်လည်း အရေးကြီးသော စီမံကိန်းဇရိယာများကို လုံခြုံရေးအထူးအလေးထား၍ သွားရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း သိရသည်။

## ၂၀၂၅ ခုနှစ်၊ ဇွန်လ

**(စ) ကျောက်ဖြူတိုက်ပွဲရှေ့တန်းတွင် စစ်ကောင်စီက မွတ်ဆလင်များနှင့် အချုပ်သားများကို အသုံးပြု နေကြောင်း သတင်းထွက်ပေါ်**

ကျောက်ဖြူတိုက်ပွဲများတွင် စစ်ကောင်စီသည် ကျောက်ဖြူမြို့ရှိ ကျောက်တလုံး မွတ်ဆလင်

ဒုက္ခသည်စခန်းနှင့် စစ်တွေမြို့မှ ပြည်သူ့စစ် သင်တန်းဆင်း မွတ်ဆလင်များကို ရှေ့တန်းစစ်မြေပြင်တွင် အသုံးပြုနေကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ တစ်ဖက်တွင်လည်း အာရက္ခတပ်တော်နှင့် ဆက်စပ်သည်ဟု သံသယဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကျောက်ဖြူမြို့မ ရဲစခန်း နှင့် အကျဉ်းထောင်မှ ရခိုင် အချုပ်သားနှင့် အကျဉ်းသား တချို့ ပျောက်ဆုံးနေပြီး စစ်မှုထမ်းရန် သို့မဟုတ် စစ်ရေးဆိုင်ရာနေရာများသို့ ပို့ဆောင်ခံနေရကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ပြောကြားထားသည်။

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်

**(ဆ) ကျောက်ဖြူတိုက်ပွဲတွင် တရုတ်က အာရက္ခတပ်တော်ကို ဖိအားပေးပြီး၊ စစ်ကောင်စီကို နည်းပညာအကူအညီပေးသည်ဟုဆို**

ကျောက်ဖြူတိုက်ပွဲအခြေအနေတွင် တရုတ်စီမံကိန်းများအနီး၌ တိုက်ပွဲမဖော်ဆောင်ရန် အာရက္ခတပ်တော်ကို တရုတ်ဘက်က ဖိအားပေးထားပြီး တစ်ဖက်တွင်လည်း စစ်ကောင်စီအား ဒရုန်းနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများအပါအဝင် စစ်လက်နက်ပစ္စည်းများပါ ထောက်ပံ့နေသည်ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးကို ကိုးကား၍ သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ ရိက္ခာနှင့် ရေနံစိမ်းသိုလှောင်ရေး၊ ဖြန့်ဖြူးရေးစခန်း (Onshore Gas Terminal - OGT) အပါအဝင် တရုတ်စီမံကိန်းအနီးတဝိုက်တွင် အာရက္ခတပ်တော်၏ ထိုးစစ်များကို ကန့်သတ်ထားပြီး စစ်ကောင်စီဘက်က တရုတ်နည်းပညာနှင့် ဒရုန်းအကူအညီများဖြင့် ကာကွယ်တိုက်ခိုက်နေသည်ဟု ဆိုသည်။

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ

**(ဇ) ကျောက်ဖြူရှိ တရုတ်ရေနံနှင့် ဓာတ်ငွေ့စီမံကိန်းများကို ရခိုင်ပြည်စစ်ကော်မရှင်ဥက္ကဋ္ဌ ဦးထိန်လင်း ထပ်မံသွားရောက်စစ်ဆေး**

၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ရခိုင်ပြည်စစ်ကော်မရှင်ဥက္ကဋ္ဌ ဦးထိန်လင်းသည် တိုက်ပွဲများဖြစ်ပွားနေသည့် ကျောက်ဖြူမြို့နယ်ရှိ တရုတ်ရင်းနှီးမြှုပ်နှံထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းဧရိယာသို့ သွားရောက်ကာ စီမံကိန်း၏ လုံခြုံရေးအစီအမံများ၊ ရေနံနှင့် ဓာတ်ငွေ့ ပို့လွှတ်နေမှု၊ ရေနံတင်သင်္ဘောများ ဆိုက်ကပ်မှုနှင့် စီမံကိန်းလည်ပတ်နေသည့် အခြေအနေများကို စစ်ဆေးခဲ့သည်။ သတင်းအရ ဦးထိန်လင်းသည် ၂၀၂၅ ခုနှစ်အတွင်း ကျောက်ဖြူရှိ တရုတ်စီမံကိန်းများသို့ အကြိမ်ကြိမ် သွားရောက်စစ်ဆေးခဲ့ပြီး၊ ယခုခရီးစဉ်ကိုလည်း တိုက်ပွဲဖြစ်ပွားနေသည့်ကြားမှ စီမံကိန်းများ ဆက်လက်လည်ပတ်နိုင်ရေးနှင့် လုံခြုံရေးတိုးမြှင့်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သုံးသပ်ထားသည်။

## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ

### (ဈ) ကျောက်ဖြူစစ်မျက်နှာတွင် စစ်ကောင်စီ၏ ထိုးစစ်ဆင်မှု နှင့် အာရက္ခတပ်တော်၏ ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

ကျောက်ဖြူစစ်မျက်နှာတွင် စစ်ကောင်စီက ကြည်း၊ ရေ၊ လေ အစုံသုံး၍ အင်အားထောင်ချီဖြင့် ထိုးစစ်ဆင်တိုက်ခိုက်လာမှုကြောင့် အာရက္ခတပ်တော်သည် ယခင်ထိန်းချုပ်ထားသည့် မလကျွန်း၊ အမှတ် (၃၂) ရဲတပ်ရင်းအနီး၊ ကုလာဘာနှင့် သိုင်းချောင်းအပါအဝင် နေရာအချို့မှ နောက်ဆုတ်ပေးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စစ်ကောင်စီဘက်က လေကြောင်း၊ ရေကြောင်း၊ ဒရုန်းနှင့် မြေပြင်အင်အားကို တိုးမြှင့်အသုံးပြုနေပြီး AA နှင့် တက်လိုက်ဆုတ်လိုက် ပုံစံတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်ဟု ဆိုသည်။

## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ

### (ည) ကျောက်ဖြူတွင် စစ်ကောင်စီထိုးစစ်ကို အာရက္ခတပ်တော် တန်ပြန်တိုက်ခိုက်၊ စစ်ကောင်စီတပ်များ တပ်ဆုတ်ခွာရ

နိုဝင်ဘာလအတွင်း ကျောက်ဖြူမြို့နယ် မင်းပြင်၊ ရေနံ့တောင်နှင့် သိုင်းချောင်းဘက်များတွင် အာရက္ခတပ်တော် နှင့် စစ်ကောင်စီတပ်များအကြား တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားနေသည်။ စစ်ကောင်စီသည် မင်းပြင်ကျေးရွာရှိ ရေဒါစခန်း နှင့် အနီးဝန်းကျင်နေရာများကို အင်အားအလုံးရင်းဖြင့် ထိုးစစ်ဆင်ကာ နေရာတချို့ ကို ထိန်းချုပ်နိုင်ခဲ့သော်လည်း အာရက္ခတပ်တော်ဘက်က ဒရုန်းနှင့် လက်နက်ကြီးဖြင့် ပြန်လည်တိုက်ခိုက်၍ စစ်ကြောင်းများကို ထိခိုက်စေခဲ့သည်ဟု သိရသည်။ တိုက်ပွဲများအတွင်း နှစ်ဖက်စလုံးတွင် ထိခိုက်သေဆုံးမှုများရှိပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်များမှာ ရေနံ့တောင်ဘက်သို့ ပြန်လည်ဆုတ်ခွာနေကြောင်းလည်း ဖော်ပြထားသည်။

## ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ

### (ဋ) ကျောက်ဖြူစစ်ပဋိပက္ခအတွင်း အရပ်သားထိခိုက်မှုနှင့် နေအိမ်ပျက်စီးမှုများ မြင့်တက်လာ

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဖြစ်ပွားခဲ့သော ကျောက်ဖြူတိုက်ပွဲ တစ်နှစ်တာအတွင်း ကျေးရွာ ၁၁ ရွာထက်မနည်းမှ နေအိမ် ၇၀၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ အဆိုပါ ပျက်စီးမှုများသည် လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ နှင့် စစ်ဆင်ရေးကာလအတွင်း မီးရှို့ဖျက်ဆီးခံရမှုများကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲများ ဆက်လက်ပြင်းထန်နေသဖြင့် အရပ်သားများ၏ နေအိမ်ဆုံးရှုံးမှု၊ ထွက်ပြေးတိမ်းရှောင်ရမှု နှင့် အရပ်သားထိခိုက်သေဆုံးမှုများ မြင့်တက်လာနေကြောင်း သိရသည်။

### (၄) ကျောက်ဖြူမြို့နယ်တွင် တစ်နှစ်ကြာ တိုက်ပွဲများအတွင်း ကလေးငယ်များအပါအဝင် အရပ်သား ၁၅၀ ကျော် သေဆုံးဒဏ်ရာရရှိ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် စစ်ကောင်စီနှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား တိုက်ပွဲများသည် တစ်နှစ်တိုင်တိုင် ဆွဲငင်ခဲ့ပြီး စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးသုံးစွဲမှုစသည့် လုပ်ရပ်များကြောင့် အရပ်သားထိခိုက်သေဆုံးမှုများသည် ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ ကျောက်ဖြူမြို့သည် ရခိုင်ပြည်နယ်တွင် AA လက်သို့ မကျရောက်သေးသော မြို့အနည်းငယ်တွင် တစ်မြို့အပါအဝင်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၀ ရက်နေ့သည် ကျောက်ဖြူမြို့နယ်ကို သိမ်းပိုက်ရန် AA ၏ စစ်ဆင်ရေးစတင်သည့် ပထမနှစ်ပတ်လည်နေ့ ဖြစ်သည်။ ထိုကာလအတွင်း စစ်ကောင်စီ၏ လုပ်ရပ်ကြောင့် အရပ်သား ၅၁ ဦး သေဆုံးပြီး ၁၀၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း DMG ၏ စာရင်းဇယားများအရ သိရသည်။

### (၃) ကျောက်ဖြူတိုက်ပွဲများကြား V Power စက်ရုံ လည်ပတ်မှုရပ်ဆိုင်းပြီး စက်ပစ္စည်းများ ဆက်လက်ရွှေ့ပြောင်း

ရခိုင်ပြည် ကျောက်ဖြူမြို့နယ်ရှိ တရုတ်-ဟောင်ကောင် ဖက်စပ် V Power ဓာတ်အားပေးစက်ရုံမှ စက်ပစ္စည်းများကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းကတည်းက စတင်ပြောင်းရွှေ့ခဲ့သော်လည်း ကျောက်ဖြူဒေသတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာပြီးနောက် ပြောင်းရွှေ့ရေးလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်လာကြောင်း သိရသည်။ သတင်းအရ စက်ရုံရှိ ဓာတ်အားပေးမီးစက် ၉၀ ကျော်ကို ရွှေ့ပြောင်းပြီးဖြစ်ကာ ကျန်ရှိသည့် စက်ပစ္စည်းများကိုလည်း အပြီးသတ်ရွှေ့ပြောင်းရန် စီစဉ်ထားသည်။

အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော် ရင်းနှီးမြှုပ်နှံထားသည့် အဆိုပါစက်ရုံသည် မူလက ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်ရန် ရည်ရွယ်ခဲ့သော်လည်း ဓာတ်ငွေ့မလုံလောက်မှုကြောင့် ၆၀ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီက ဓာတ်အားဝယ်ယူခ ပေးချေမှုနှင့် ဓာတ်ငွေ့ထောက်ပံ့မှု ပြဿနာများကြောင့် စက်ရုံသည် ၂၀၂၃ ခုနှစ်တွင် လည်ပတ်မှု ရပ်ဆိုင်းခဲ့သည်။

## ၂၀၂၆ ခုနှစ်၊ မေလ

### (ပ) ကျောက်ဖြူ–စနဲဘက်တွင် စစ်ကောင်စီ ကမ်းတက်ထိုးစစ်ကို အာရက္ခတပ်တော်မှ တန်ပြန်ခုခံ၊ တိုက်ပွဲများ ပြင်းထန်

ကျောက်ဖြူမြို့နယ်တွင် စစ်ကောင်စီသည် တောင်မော်ဦးရေတပ်စခန်းမှ နေဗီနှင့် လေကြောင်းပစ်ကူများကို အသုံးပြု၍ စနဲမြို့ဘက်သို့ ကမ်းတက်ထိုးစစ်ဆင်ရန် ကြိုးပမ်းနေသော်လည်း AA ၏

ပြင်းထန်သော ခုခံတိုက်ခိုက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြင့် ပြန်လည်ဆုတ်ခွာနေရပြီး နှစ်ဖက်တိုက်ပွဲများသည် အဝတောင်၊ မျှောချောင်းနှင့် ဒွေးချအနီးတွင် ဆက်လက်ပြင်းထန်နေသည်။ စစ်ကောင်စီသည် စနဲမြို့နှင့် ကျောက်ဖြူ–ရမ်းဗြဲလမ်းကြောင်းကို ထိန်းချုပ်ရန် ကြိုးပမ်းနေသော်လည်း AA က ထိုနေရာများ မကျစေရန် တန်ပြန်ခုခံတိုက်ခိုက်နေသဖြင့် တိုက်ပွဲများ ဆက်လက်ပြင်းထန်နေကြောင်း ဖော်ပြထားသည်။

## ၂၀၂၆ ခုနှစ်၊ ဇွန်လ

### (ဏ) ကျောက်ဖြူမြို့နယ်ရှိ နေရပ်စွန့်ခွာသူ ၅၀,၀၀၀ နီးပါးသည် အစားအသောက်နှင့် ခိုလှုံစရာ အရေးတကြီး လိုအပ်နေ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် စစ်ကောင်စီ၏ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများနှင့် အမြောက်ကျည်ကြီးများ ပစ်ခတ်မှုများမှ ထွက်ပြေးတိမ်းရှောင်လာသော နေရပ်စွန့်ခွာသူဦးရေသည် ယခုနှစ် မေလအစောပိုင်းအထိ ၅၀,၀၀၀ နီးပါးအထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း ဇင်ချောင်းလူငယ်ပရဟိတအသင်း၏ စာရင်းများအရ သိရသည်။

နေ့စဉ်ဝင်ရောက်လာသော နေရပ်စွန့်ခွာသူအရေအတွက် တိုးပွားလာမှုကြောင့် အစားအသောက်၊ နေအိမ်၊ သောက်သုံးရေနှင့် အရေးပေါ်ဆေးဝါးများ ပြတ်လပ်မှု ဆိုးရွားလာကာ လူသားချင်းစာနာမှု အကူအညီများ အရေးတကြီး လိုအပ်နေပါသည်။




ကျောက်ဖြူမြို့နယ်ရှိ တရုတ်ရင်းနှီးမြှပ်နှံမှုများပြ မြေပုံ (source@researchgate)

**(တ) ကျောက်ဖြူ CMEC နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းများ အရှိန်မြှင့်လုပ်ဆောင်ရန် တရုတ်နှင့် စစ်ကောင်စီ သဘောတူ**

ကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် အခြားတရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းများကို ဆက်လက်အရှိန်အဟုန်မပျက် လုပ်ဆောင်ရန် တရုတ်နှင့် စစ်အစိုးရတို့ သဘောတူထားကြောင်း ဇွန် ၁၇ ရက် ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် မဒေးကျွန်းနှင့် ကုဋ္ဌေချီကျွန်းတို့တွင် တည်ဆောက်နေသည့် တရုတ်-မြန်မာ ပူးပေါင်းမဟာဗျူဟာမြောက် စီမံကိန်းဖြစ်ပြီး BRI/CMEC အစီအစဉ်၏ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ကနဦးအဆင့်တွင် အမေရိကန်ဒေါ်လာ ၁.၃ ဘီလျံခန့် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားပြီး တရုတ်ဘက် CITIC Consortium က ၇၀%၊ မြန်မာဘက်က ၃၀% ပါဝင်ထားသည်။

ထို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အသုံးချမှု၊ လျှပ်စစ်ဓာတ်အားချိတ်ဆက်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးချဲ့သွားမည်ဟု ဆိုထားသည်။ သို့သော် လက်ရှိ ကျောက်ဖြူဒေသတွင် AA နှင့် စစ်ကောင်စီအကြား တိုက်ပွဲများ ပြင်းထန်နေပြီး စီမံကိန်းဧရိယာ အချို့မှာ အခြေအနေမတည်ငြိမ်မှုများနှင့် ရင်ဆိုင်နေရသည်။

**(ထ) ကျပ်တည်းမှုဒဏ်ကြောင့် ကျောက်ဖြူမြို့ထဲ တောင်းရမ်းစားသောက်သူ များလာ**

အာဏာသိမ်းစစ်တပ် ထိန်းချုပ်ထားသည့် ရခိုင်ပြည်၊ ကျောက်ဖြူမြို့ပေါ်က ပြည်သူများမှာ ယခုကာလ စားဝတ်နေရေးအကျပ်တည်းများလာသဖြင့် တောင်းရမ်းစားသောက်၍ ဝမ်းရေးဖြေရှင်းပေးနေရသူ များလာနေကြောင်း သိရသည်။ ကျောက်ဖြူမြို့ခံများမှာ အလုပ်အကိုင်ရှားပါးမှုနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကို ရင်ဆိုင်နေကြရပြီး လက်လုပ်လက်စား နွမ်းပါးသူများမှာ တောင်းရမ်းစားသောက်ရုံမှ လွဲ၍ ရွေးချယ်စရာ မရှိတော့ကြောင်း ပြောဆိုကြသည်။

"ကျောက်ဖြူမှာ အရင်က သူတောင်းစား မမြင်ဖူးဘူး။ အခုဆိုရင် ဈေးမှာရော၊ လမ်းတွေမှာရော ရပ်ကွက်တွေထဲမှာပါ တွေ့ရတယ်။ ပိုက်ဆံ တောင်းသူတွေရော၊ ထမင်းကျန်၊ ဟင်းကျန်တောင်း သူတွေရော အများကြီးပဲ။ လမ်းလျှောက်တတ်စ အရွယ်ကနေ သက်ကြီးပိုင်းတွေအထိပါတယ် " ဟု ကျောက်ဖြူမြို့ခံ အမျိုးသမီးတစ်ဦးက ပြောသည်။

**(ဒ) ကျောက်ဖြူတွင် စားသောက်ကုန်များကို စစ်တပ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ချုပ်ကိုင်ဈေးကစားနေသောကြောင့် ပြည်သူများကျပ်တည်းနေ**

အာဏာသိမ်းစစ်တပ် ထိန်းချုပ်ထားသော ရခိုင်ပြည်၊ ကျောက်ဖြူမြို့ပေါ်တွင် အခြေခံစားနပ်ရိက္ခာ ကုန်ပစ္စည်းများကို စစ်တပ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းအချို့ ပူးပေါင်းပြီး ပြည်သူများထံ

ဈေးနှုန်းမြင့်တင် ရောင်းချနေကြောင်း သိရသည်။ စစ်တပ်သည် ပြီးခဲ့သည့် ၂၀၂၃ နှစ်ကုန်ပိုင်းက စ၍ ကျောက်ဖြူမြို့ အဝင်အထွက်ကို ပိတ်ဆို့ထားပြီး မြို့ခံများအတွက် လိုအပ်သော အခြေခံ စားသောက်ကုန်ပစ္စည်းများကို ကုန်သင်္ဘောနှင့် လေယာဉ်တို့ဖြင့် ရန်ကုန်ကနေ တင်သွင်းနေခြင်း ဖြစ်သည်။ ပုံမှန်အားဖြင့် ရန်ကုန်ကနေ ကျောက်ဖြူသို့ တစ်လလျှင် သင်္ဘော (၃) စီးဖြင့် စားသောက်ကုန်ပစ္စည်းများ တင်သွင်းနေခြင်းဖြစ်ပြီး ယင်းစားသောက်ကုန်ပစ္စည်းများကို စစ်တပ် နှင့် နီးစပ်သူ စီးပွားရေးသမား၊ ဌာနဆိုင်ရာဝန်ထမ်းများက မြို့ခံများထံ ဖြန့်ဝယ်ရောင်းချနေခြင်း ဖြစ်သည်။

## ၃။ တွေ့ရှိချက်များ

၁။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်ကာ အာရက္ခတပ်တော် (AA) သည် ကျောက်ဖြူ မြို့နယ်ရှိ ဓညဝတီရေတပ်ဌာနချုပ်နှင့် အမှတ် (၃၂) ရဲတပ်ရင်းကို အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့ သည်။ တိုက်ပွဲများသည် တစ်နှစ်ကျော်ကြာ ဆက်လက်ဖြစ်ပွားခဲ့ပြီး နှစ်ဖက်စလုံးမှ လက်နက်ကြီး၊ ဒရုန်း၊ ရေတပ်နှင့် လေကြောင်းပစ်ကူများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့သည်။ စစ်ကောင်စီ ဘက်က ကြည်း၊ ရေ၊ လေ အစုံဖြင့် ထိုးစစ်များကို ပြန်လည်ဆင်နွှဲခဲ့ပြီး နေရာအချို့ကို ပြန်လည် ထိန်းချုပ်နိုင်ခဲ့သော်လည်း AA က နည်းဗျူဟာအရ နောက်ဆုတ်မှုများနှင့် တန်ပြန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် စစ်ကောင်စီတပ်များသည် နေရာအချို့၌ အောင်မြင် မှုရရှိခဲ့သော်လည်း အကြီးအကျယ် ထိခိုက်သေဆုံးမှုများနှင့် ရင်ဆိုင်ခဲ့ရကာ နောက်သို့ဆုတ်ခွာ သွားခဲ့ရပြီး ၂၀၂၆ ခုနှစ်အလယ်ပိုင်းအထိ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

၂။ တရုတ်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသည့် မဒေးကျွန်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက် လိုင်းစီမံကိန်းများသည် တိုက်ပွဲများဖြစ်ပွားနေသော်လည်း ပုံမှန်လည်ပတ်မှု ဆက်လက်ပြုလုပ်နိုင် ခဲ့သည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလနှောင်းပိုင်းတွင် Power China စက်ရုံနှင့် အခြားတရုတ် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ရန် တရုတ်လက်နက်ကိုင် ကြေးစားတပ်ဖွဲ့ဝင် ၂၇ ဦး ရောက်ရှိနေ ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ စစ်ကောင်စီသည် ဇွန်လ ၂၀၂၅ ခုနှစ်တွင် သက်တမ်း ကုန်ဆုံးမည့် "Long Stop Date" မတိုင်မီ ရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ဖိအားပေးခံနေရပြီး အဆိုပါစီမံကိန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇.၃ ဘီလီယံခန့် ရှိသည်။ ရခိုင် ပြည်စစ်ကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းသည် ၂၀၂၅ ခုနှစ် ဧပြီလ၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် တရုတ်စီမံကိန်းနေရာများသို့ အကြိမ်ကြိမ်သွားရောက်ကာ လုံခြုံရေး အစီအမံများနှင့် လည်ပတ်ဆောင်ရွက်နေမှုများကို စစ်ဆေးခဲ့သည်။

၃။ သတင်းများအရ စစ်ကောင်စီသည် ကျောက်ဖြူတိုက်ပွဲများတွင် ကျောက်တလုံးမှုဆလင် ဒုက္ခသည်စခန်းမှ မွတ်ဆလင်များနှင့် ပြည်သူ့စစ်သင်တန်းဆင်းများကို ရှေ့တန်းစစ်မျက်နှာတွင် အသုံးပြုနေကြောင်း ထွက်ဆိုချက်များရှိသည်။ ထို့အပြင် ကျောက်ဖြူမြို့ရဲစခန်းနှင့် အကျဉ်းထောင်မှ ရခိုင်အကျဉ်းသားနှင့် အချုပ်သားအချို့ ပျောက်ဆုံးနေပြီး ၎င်းတို့အား စစ်မှုထမ်းရန် သို့မဟုတ် စစ်ရေးနေရာများသို့ ပို့ဆောင်ခံနေရကြောင်း ဒေသခံသတင်းရင်းမြစ်များ

က ဖော်ပြသည်။ ဒေသခံများကို ကိုးကား၍ သတင်းများတွင် တရုတ်ဘက်က တရုတ်စီမံကိန်းအနီး ရှိ AA ၏ ထိုးစစ်များကို ကန့်သတ်ရန် ဖိအားပေးနေပြီး တစ်ဖက်တွင်လည်း စစ်ကောင်စီအား ဒရုန်း နှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများအပြင် စစ်လက်နက်ပစ္စည်းများပါ ထောက်ပံ့နေသည်ဟု ဆိုထားသည်။ ထိုသို့သော အခြေအနေများကြောင့် AA သည် အဓိကစီမံကိန်းဇရိယာများအနီးတွင် ၎င်း၏တိုက်ခိုက်မှုများကို ကန့်သတ်ခံထားရပြီး စစ်ကောင်စီဘက်မှ တရုတ်နည်းပညာအကူအညီ ဖြင့် ခုခံကာကွယ်နိုင်ခဲ့သည်။

၄။ တစ်နှစ်တာတိုက်ပွဲအတွင်း ကျေးရွာ ၁၁ ရွာမှ နေအိမ် ၇၀၀ ကျော် မီးလောင်ပျက်စီးခဲ့ပြီး လေကြောင်းဗုံးကြဲမှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရ သည်။ ဒေသတွင်းမီဒီယာတစ်ခု၏ စာရင်းဇယားများအရ အရပ်သား ၅၁ ဦး သေဆုံးပြီး ၁၀၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ကလေးငယ်များလည်း သေဆုံးသူများတွင် ပါဝင်ခဲ့သည်။ ၂၀၂၆ ခုနှစ် မေလတွင် နေရပ်စွန့်ခွာသူဦးရေ ၅၀,၀၀၀ နီးပါးအထိ မြင့်တက်လာခဲ့ပြီး ဒေသခံလူသားချင်းစာနာမှုအဖွဲ့များ က အစားအသောက်၊ ခိုလှုံစရာ၊ သောက်သုံးရေနှင့် အရေးပေါ်ဆေးဝါးများ ပြတ်လပ်မှု ဆိုးရွားလာ ကြောင်း အစီရင်ခံခဲ့သည်။ နေရပ်စွန့်ခွာသူဦးရေ ဆက်လက်မြင့်တက်နေသဖြင့် လူသားချင်းစာနာ မှုအကူအညီများအတွက် အရေးတကြီး လိုအပ်နေပြီး ကယ်ဆယ်ရေးအဖွဲ့များက အရေးပေါ်ဝင် ရောက်ကူညီရန် တောင်းဆိုနေကြသည်။

၅။ ကျောက်ဖြူမြို့ခံများသည် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်ခြင်း၊ အလုပ်အကိုင်ရှားပါး ခြင်းနှင့် တောင်းရမ်းစားသောက်သူဦးရေ တိုးပွားလာခြင်းစသည့် ဆိုးရွားသော စီးပွားရေး အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ စစ်ကောင်စီသည် ၂၀၂၃ ခုနှစ်နှောင်းပိုင်းမှစ၍ ကျောက်ဖြူမြို့အဝင်အထွက်ကို ပိတ်ဆို့ထားပြီး ရန်ကုန်မှ ကုန်သင်္ဘောသုံးစီးနှင့် ရုံဖန်ရံခါ လေယာဉ်များဖြင့်သာ အခြေခံစားသောက်ကုန်များကို တင်သွင်းခွင့်ပြုထားသည်။ ထိုတင်သွင်း လာသော ကုန်ပစ္စည်းများကို စစ်တပ်နှင့် နီးစပ်သော စီးပွားရေးသမားများနှင့် ဌာနဆိုင်ရာဝန်ထမ်း များက ထိန်းချုပ်ဖြန့်ဖြူးပြီး ဈေးနှုန်းများ မြှင့်တင်ရောင်းချကာ ပြည်သူများကို အမြတ်ထုတ်နေ ကြသည်။ ယခင်က ကျောက်ဖြူမြို့၌ မမြင်ဖူးသော တောင်းရမ်းစားသောက်မှုသည် ယခုအခါ ဈေးများ၊ လမ်းများနှင့် ရပ်ကွက်များအတွင်း သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်လာပြီး ကလေးသူငယ်များမှ သက်ကြီးရွယ်အိုများအထိ အားလုံး ပါဝင်လာကြသည်ဟု ဒေသခံများက ပြောဆိုကြသည်။

## ၄။ သုံးသပ်ချက်

ကျောက်ဖြူတိုက်ပွဲများသည် အာရက္ခတပ်တော် (AA) နှင့် စစ်ကောင်စီကြား ရှည်ကြာ၍ ပြင်းထန် လာသည့် စစ်ရေးမျှခြေအခြေအနေကို ဖော်ပြနေပြီး နှစ်ဖက်စလုံး အကြီးအကျယ် ထိခိုက်သေဆုံး မှုများ ရှိခဲ့သော်လည်း တစ်နှစ်ကျော်ကြာ တိုက်ပွဲများအပြီးတွင် မည်သည့်ဘက်ကမျှ အဆုံးအဖြတ်ပေးနိုင်သော အောင်ပွဲကို ရရှိနိုင်ခြင်းမရှိပေ။ စစ်ကောင်စီသည် လေကြောင်းဗုံးကြဲမှု၊ ရေတပ်ပစ်ခတ်မှုနှင့် ဒရုန်းနည်းပညာများကို အသုံးပြုခြင်းဖြင့် ဗျူဟာမြောက်နေရာများကို

ဆက်လက်ထိန်းထားနိုင်ခဲ့သော်လည်း AA ၏ ဆက်တိုက် တန်ပြန်တိုက်ခိုက်မှုများက စစ်ကောင်စီအား မြို့နယ်တစ်ခုလုံးကို အပြည့်အဝ သိမ်းပိုက်နိုင်ခြင်း မရှိအောင် တားဆီးထားသည်။ ဤရှည်ကြာသော မျှခြေအခြေအနေသည် ကျောက်ဖြူကို ရှေ့တန်းစစ်မျက်နှာတစ်ခုအဖြစ် ပြောင်းလဲသွားစေခဲ့သည်။ အဆုံးသတ်ရန် ရှင်းလင်းသော အလားအလာမရှိဘဲ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ဤပဋိပက္ခသည် ရခိုင်ပြည်၏ မတည်ငြိမ်မှုတွင် ဗဟိုကျသော အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဦးမည်ဟု ညွှန်ပြနေသည်။

ကျောက်ဖြူရှိ တရုတ်စီးပွားရေးအကျိုးစီးပွားများ (အထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အပါအဝင်) သည် ဖြစ်ပွားနေသော စစ်ပွဲကြားတွင် မဟာဗျူဟာအရ အရေးပါသော ပိုင်ဆိုင်မှုတစ်ခုနှင့် အငြင်းပွားဖွယ်ရာ အရင်းအမြစ်တစ်ခု ဖြစ်လာခဲ့သည်။ ဘေဂျင်းသည် လူသိရှင်ကြား ကြားနေရပ်တည်ချက်ကို ထိန်းသိမ်းထားသော်လည်း ဒေသခံသတင်းရင်းမြစ်များက တရုတ်သည် ၎င်း၏ စီမံကိန်းများအနီးတွင် တိုက်ခိုက်ခြင်းမပြုရန် AA ကို ဖိအားပေးနေပြီး တချိန်တည်းတွင် စစ်ကောင်စီအား ဒရုန်းနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးအပ်နေသည်ဟု စွပ်စွဲထားပြီး ကြားနေကြားဝင်ဖြန်ဖြေသူအဖြစ် တရုတ်၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ မေးခွန်းထုတ်စရာများကို ဖြစ်ပေါ်စေသည်။

တရုတ်လက်နက်ကိုင် ကြေးစားတပ်ဖွဲ့များ ဖြန့်ကျက်ထားရှိမှုနှင့် စစ်ကောင်စီ၏ ထိပ်တန်းအရာရှိများက စီမံကိန်းနေရာများသို့ အကြိမ်ကြိမ်သွားရောက်စစ်ဆေးမှုများသည် ပတ်ဝန်းကျင်ဒေသတွင် ပရမ်းပတာအခြေအနေ ဖြစ်နေသော်လည်း ဤဒေါ်လာဘီလီယံပေါင်းများစွာတန်သော ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ရန် ဦးစားပေးဆောင်ရွက်နေမှုကို ထင်ရှားစေသည်။ သို့သော် ဤစီမံကိန်းများ ဆက်လက်လည်ပတ်နိုင်ခြင်းသည် ကုန်ကျစရိတ်တစ်ခုနှင့် ရင်ဆိုင်လာရပြီး စစ်ကောင်စီသည် ထောက်ပံ့ရေးလမ်းကြောင်းများနှင့် စားနပ်ရိက္ခာဖြန့်ဖြူးမှုအပေါ် ထိန်းချုပ်မှုဖြင့် စစ်တပ်နှင့်နီးစပ်သူများအား အခြေခံကုန်စည်များကို လက်ဝါးကြီးအုပ်ပြီး ဒေသခံပြည်သူများကို အမြတ်ထုတ်နိုင်စေခဲ့သည်။

ပဋိပက္ခ၏ လူသားချင်းစာနာမှုဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုသည် ကြီးမားလှပြီး ပြည်တွင်းနေရပ်စွန့်ခွာသူ ၅၀,၀၀၀ နီးပါး၊ အရပ်သားသေဆုံးဒဏ်ရာရရှိမှု ၁၅၀ ကျော်နှင့် နေအိမ် ၇၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာ အာရုံစိုက်မှုနှင့် အကူအညီများသည် ကြီးထွားလာနေသော အကျပ်အတည်းကို ဖြေရှင်းရန် မလုံလောက်သေးပေ။ တစ်ချိန်တည်းတွင် စစ်ကောင်စီ၏ ပိတ်ဆို့မှုနှင့် ကျောက်ဖြူအပေါ် စီးပွားရေးဆိုင်ရာ လက်ဝါးကြီးအုပ်မှုသည် သာမန်လူထုကို ဆိုးရွားသော ဆင်းရဲမွဲတေမှုဆီသို့ တွန်းပို့ခဲ့ပြီး တချိန်တခါက အတော်အသင့် သာယာဝပြောခဲ့သော မြို့တစ်မြို့၌ အသက်ရှင်ကျန်ရစ်ရန် တောင်းရမ်းစားသောက်ခြင်းကိုသာ လုပ်ဆောင်ရန် တွန်းပို့စေခဲ့သည်။ အကယ်၍ အပစ်အခတ်ရပ်စဲရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ စင်္ကြံလမ်းများ ဖွင့်လှစ်နိုင်ခြင်း မရှိပါက ကျောက်ဖြူ၏ အခြေအနေသည် ထပ်မံဆိုးရွားလာနိုင်ပြီး အဘက်ဘက်မှ ပါဝင်ပတ်သက်သူများအနေဖြင့် ပိတ်မိနေသော အရပ်သားများ၏ အကျိုးကို ထည့်သွင်းစဉ်းစားရန် အရေးတကြီးလိုအပ်နေပါသည်။

## အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရေးများအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

© ၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org